

## ကမ္ဘာကြီးအားအပြစ်တရားဝင်ရောက်ခြင်း (ကမ္ဘာဦးကျမ်း ၁)

ဘုရားရှင်ဖန်ဆင်းပေးထားတဲ့ အလွန်လှပသောဥယျာဉ်ကြီးထဲမှာ အာဒံနဲ့လူမိန်းမတို့ ပျော်ရွှင်စွာနေထိုင်ကြပါတယ်။ သူတို့ဟာ အဝတ်အစားများ ဝတ်ဆင်ခြင်းမရှိကြပေမယ့် ဒီကမ္ဘာမြေပေါ်မှာအပြစ်တရားများမရှိတာကြောင့် မည်သည့်အရှက်တရားမှ မခံစားရပါ။ ဒါပေမယ့် ထိုဥယျာဉ်ထဲမှာ အလွန်ကောက်ကျစ်တဲ့မြွေတစ်ကောင်က လူမိန်းမအား "ဘုရားရှင်ဟာ ဒီဥယျာဉ်ထဲက အသိဉာဏ်သစ်ပင်ကအသီးကိုမစားဖို့ ပညတ်ထားတယ်ဆိုတာဟုတ်သလား"၊ "ဒါတွေဟာအမှန်မဟုတ်ဘူး" ဒီအသီးကိုစားသုံးလိုက်ရင် "မင်းတို့သေမှာမဟုတ်ဘူး" မင်းတို့လည်း အကောင်းနဲ့အဆိုးကို ခွဲခြားသိနိုင်တဲ့ ဘုရားရှင်လိုမျိုးဖြစ်သွားမှာကို ဘုရားရှင်ကစိုးရိမ်ပြီးပညတ်ထားတာဖြစ်တယ်"လို့ ပြောဆိုလိုက်ပါတယ်။ လူမိန်းမကလည်း ဉာဏ်ပညာကြီးမြတ်ချင်ပြီး အလွန်စားချင်တာကြောင့် အသီးတချို့ကိုခူးယူစားသုံးလိုက်ပြီး သူမနဲ့အတူပါလာတဲ့ လူယောက်ျားဖြစ်သူ 'အာဒံ' ကိုလည်းကျွေးလိုက်ပါတယ်။ ရုတ်တရက် သူတို့အသိဉာဏ်များပွင့်သွားပြီး သူတို့မှာအဝတ်အစားမပါတာကို သိရှိခံစားသွားရကာ သစ်ရွက်များနဲ့ ဖုံးအုပ်ရန်ကြိုးစားကြပါတယ်။ သူတို့နှစ်ဦးစလုံး ဘုရားရှင်မမြင်အောင်ပုန်းကွယ်နေကြပြီး ဘုရားရှင်ကမေးတဲ့အခါ သူတို့မှာကိုယ်လုံးတီးဖြစ်နေတာကြောင့် ကြောက်ရွံ့ပြီးပုန်းနေပါတယ်လို့ 'အာဒံ'က ဖြေလိုက်ပါတယ်။ ဘုရားရှင်က "မင်းတို့၊ ငါမစားခိုင်းတဲ့အသီးကို စားမိလိုက်ပြီမဟုတ်လား"ဟု မေးမြန်းတဲ့အခါ "မြွေက သူမအားလှည့်စားလိုက်ကြောင်း လူမိန်းမကဖြေကြားလိုက်ပါတယ်။ ထိုအခါ ဘုရားရှင်က "မြွေဟာဝမ်းဗိုက်နှင့်တွားသွား ရပြီး မြေကြီးကိုစားရမယ်။ မြွေနဲ့လူမိန်းမဟာ သူတို့ရဲ့မျိုးရိုးစဉ်ဆက်ထိအောင် တစ်ဦးကိုတစ်ဦး မုန်းတီးကြမယ်။ လူမိန်းမဟာ ကလေးမွေးဖွားရာမှာ အလွန်နာကျင်စေမှာဖြစ်ပြီး လူယောက်ျားက သူ့အပေါ်မှာ ဩဇာညောင်းလိမ့်မယ်။ လူယောက်ျားဟာ ငါ့ကိုဖီဆန်ခြင်းပြုတဲ့အတွက် မြေကြီးဟာ ကျိမ်စာသင့်ပြီး သီးနှံထွက်ရန် ခက်ခဲစွာစိုက်ပျိုးရမယ်။ သူ့ရဲ့ခန္ဓာကိုယ်ဟာလည်း သေဆုံးပြီးနောက် မြေကြီးထဲကိုပြန်ရောက်သွားမယ်။" ဟု အပြစ်ကျိန်စာ ပေးတော်မူပါတယ်။ လူယောက်ျားဟာ လူတိုင်းရဲ့မိခင်ဖြစ်လာမယ့်လူမိန်းမအား "အသက်ပေးသူ"ဟု အဓိပ္ပါယ်ရတဲ့ 'ဧဝ'ဟု နာမည်ပေး ခဲ့ပြီး ဘုရားရှင်ကလည်း လူသားများအကောင်းအဆိုးကို ခွဲခြားသိမြင်လာတာကြောင့် အသက်၏သစ်ပင်မှ အသီးကိုစားပြီး ထာဝရအသက် ရှင်သန်ခွင့်မပေးတော့ဘဲ ဘယ်သူမှစားသုံးလို့မရအောင် တန်ခိုးကြီးသော နတ်စေတမန်များအား ဥယျာဉ်ကိုစောင့်ရှောက်ခိုင်းစေခဲ့ပါတယ်။



**ကိုယ်တော်ယေရှုအားဖွားမြင်တော်မူခြင်း (မဿဲ ၁၊ လုကာ ၂)**

‘မာရိ’ ဟာ ‘ယောသပ်’ လို့အမည်ရှိတဲ့ ရိုးသားဖြောင့်မတ်သူတစ်ယောက်နဲ့ စေ့စပ်ထားတဲ့အတွက် 'မာရိ'မှာကိုယ်ဝန်ရှိနေတယ်လို့ 'ယောသပ်' သိလိုက်ရတဲ့အခါမှာ ဒီကလေးဟာ သူ့ရဲ့ကလေးမဟုတ်လို့ တိတ်တဆိတ်ကွာရှင်းရန် ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမဲ့ သူဒီလိုမလုပ်ခင်အချိန်မှာ နတ်စေတမန်တစ်ပါးက “ယောသပ်၊ မင်း'မာရိ'ကို ဇနီးမယားအဖြစ်လက်ခံဖို့မစိုးရိမ်ပါနဲ့၊ သူ့ကိုယ်ဝန်ဆောင်ထားတာဟာ မြင့်မြတ်တဲ့ဘုရားရဲ့ ဝိညာဉ်တော် တန်ခိုးအစွမ်းနဲ့ဖြစ်တယ်။ သူမဟာ ဘုရားရဲ့သားတော်ကို မွေးဖွားမှာဖြစ်ပြီး ဒီကလေးကို ‘ယေရှု’ (ကယ်တင်ရှင်ဘုရား)ဟုအမည်ပေးပါ” လို့ သူ့ရဲ့အိမ်မက်ထဲမှာ လာရောက်ပြောဆိုသွားပါတယ်။ ဒါကြောင့်‘ယောသပ်’ဟာ 'မာရိ'ကိုထိမ်းမြားလက်ထပ်ပြီး သူ့အိမ်ကို ခေါ်ဆောင်သွားပေမယ့် ကလေးမွေးဖွားချိန်အထိ အတူအိပ်စက်ခြင်းမရှိပါ။ ကလေးမွေးဖွားဖို့ အချိန်နီးလာတဲ့အခါမှာ ရောမအာဏာပိုင်များက သန်းခေါင်စာရင်း ကောက်ယူနေချိန်ဖြစ်ပါတယ်။ ဒါကြောင့် လူတိုင်းလူတိုင်းဟာ သူတို့ရဲ့ဘိုးဘေးတွေရှိတဲ့နေရာကို ပြန်ကြရပါတယ်။ ဘုရင်ကြီး ‘ဒါဝိဒ်’ဟာ ဗက်လင်မြို့မှာမွေးဖွားခဲ့ပြီး သူဟာ'မာရိ'နဲ့ 'ယောသပ်' တို့နှစ်ဦးရဲ့ဘိုးဘေးဖြစ်ပါတယ်။ သူတို့ဗက်လင်မြို့ကိုရောက်သွားချိန်မှာ တည်းခိုစရာနေရာ မရှိတော့တဲ့အတွက် နွားတင်းကုပ်မှာတည်းခိုခဲ့ရတယ်။ ‘မာရိ’ကလည်း ကလေးမီးဖွားချင်တာကြောင့် တိရိစ္ဆာန်တွေထားတဲ့နေရာက နွားတင်းကုပ် ထဲမှာ ကလေးကိုဖွားမြင်တော်မူခဲ့တယ်။ သူတို့ဟာ ကလေးငယ်ကို နွားစာခွက်ထဲမှာလှဲသိပ်ထားလိုက်ပြီး ‘ယေရှု’လို့နာမည်ပေးလိုက်ပါတယ်။ ထိုညမှာ အနီးအနားလယ်ကွင်းတွေထဲက သိုးကျောင်းနေတဲ့ သိုးကျောင်းသားတွေရှေ့မှာ တောက်ပတဲ့နတ်စေတမန်တစ်ပါး ရုတ်တရက်ပေါ်လာပြီး “မင်းတို့ မကြောက်ကြနဲ့၊ 'မေရှိယအရှင်'ကို ဗက်လင်မြို့မှာမွေးဖွားတော်မူခဲ့ပြီ၊ ဒီကလေးကိုသွားရောက်ရှာဖွေပါ၊ နွားစာခွက်ထဲမှာ အနီးနဲ့ပတ်ထားတာ မင်းတို့မြင်ရလိမ့်မယ်”ဟု ပြောကြားလိုက်ပါတယ်။ ချက်ချင်းပဲ ကောင်းကင်ကြီးမှာ နတ်စေတမန်များနဲ့ပြည့်နှက်သွားပြီး ဘုရားရှင်ကို ကောင်းချီးပေး ကြပါတယ်။ သိုးကျောင်းသားများဟာ သူတို့သိုးတွေကိုထားခဲ့ပြီး ကလေးငယ်ကို သွားရောက်ရှာဖွေရာ နတ်စေတမန်တွေပြောကြားထားသလို နွားစားခွက်ထဲမှာလဲလျောင်းနေတဲ့ သူငယ်တော် 'ယေရှု'ကို ဖူးတွေ့ရပါတယ်။ ထိုအချိန်မှာ အရှေ့ဘက်နိုင်ငံတစ်ခုက ကြယ်တာရာများကိုလေ့လာတဲ့ ပညာရှိတွေဟာ ကောင်းကင်ယံက ထူးခြားတဲ့ကြယ်ကြီးတစ်လုံးကိုတွေ့ပြီး ‘ဗက်လင်’မြို့ကိုရောက်ရှိလာခဲ့ပါတယ်။ သူတို့ဟာသူငယ်တော်ယေရှုနဲ့ သူ့ရဲ့မိဘများနေထိုင်ရာနေရာကိုရောက် သွားတဲ့အချိန်မှာ သူငယ်တော်‘ယေရှု’ ကို တန်ဖိုးကြီးတဲ့ရွှေငွေရတနာလက်ဆောင်ပဏ္ဏာများနဲ့ပူဇော်ပြီး ရှိခိုးဦးညွှတ်ဂါရဝပြုကြပါတယ်။



**စိတ်ထားကောင်းသော 'ရှမာရိတန်' (လုကာ ၁၀း၂၅-၃၇)**

တစ်နေ့သောအခါ ယုဒလူမျိုးတို့ရဲ့ ပညတ်ကျမ်းကျွမ်းကျင်သူတစ်ဦးဟာ ကိုယ်တော်ယေရှုဆီကို လာရောက်ခဲ့ပါတယ်။ သူဟာ သူတို့ရဲ့ ပညတ်ကျမ်းပါနည်းလမ်းတွေကမှန်ကန်ပြီး ကိုယ်တော်ယေရှု လူအများကိုသင်ကြားပေးနေတဲ့ နည်းလမ်းတွေက မှားယွင်းနေပါတယ်ဆိုတာ လူအများ ရှေ့မှာ ချပြချင်တဲ့အတွက် "ဆရာ၊ ကျွန်ုပ်ကို'နိစ္စထာဝရအသက်' ကိုရရှိဖို့အတွက် ဘာတွေလုပ်ဆောင်ရမလဲ" လို့ ကိုယ်တော်ယေရှုကို မေးလျှောက် လိုက်ပါတယ်။ ထိုအခါမှာ ကိုယ်တော်ယေရှုက " သင့်ရဲ့ ကိုယ်စိတ် နှလုံးသုံးပါးတို့ဖြင့် ဘုရားရှင်အားဆည်းကပ်ပါ။ သင့်ရဲ့ အိမ်နီးချင်းများကိုလည်း မေတ္တာထားပါ"ဟု ပြန်လည်မိန့်ကြားလိုက်တဲ့အခါ ထိုသူက ကျွန်ုပ်ရဲ့အိမ်နီးချင်းက 'ဘယ်သူတွေဖြစ်ပါသလဲ' ဟု ပြန်လည်မေးလျှောက်လိုက်ပါတယ်။ ထိုအခါ ကိုယ်တော်ယေရှုက စိတ်ထားကောင်းသော 'ရှမာရိတန်' တစ်ယောက် အကြောင်းအား ဤကဲ့သို့မိန့်တော်မူလိုက်ပါတယ်။ "ယေရုရှလင်မှ ယေရိခေါသို့ သွားတဲ့လမ်းမှာ ယုဒလူမျိုးခရီးသွားတစ်ယောက်ဟာ ဓါးပြများရဲ့ လုယက်ရိုက်နှက်ခြင်းကိုခံခဲ့ရပြီး သေလုမျောပါးဖြစ်ကာ လမ်းဘေးမှာ လဲကျနေခဲ့ပါတယ်။" မကြာမီ ထိုလမ်းအတိုင်း ယုဒဘာသာရေးခေါင်းဆောင်တစ်ဦး လျှောက်လာတဲ့အခါ ထိုဒဏ်ရာရနေသူကို မမြင်ချင်ယောင် ဆောင်ပြီး လမ်းတစ်ဖက်သို့ ကူးသွားပါတယ်။" "ထိုနောက် ဘုရားကျောင်းတွင် ဘာသာရေးခေါင်းဆောင်များကို ကူညီပေးနေရသော 'လေဝိ' တစ်ဦးသည်လည်း မမြင်ချင်ယောင်ဆောင်ပြီး ဆက်လက်ထွက်ခွာသွားပါတယ်"၊ ဒါပေမယ့် နောက်ရောက်လာတဲ့သူမှာ ယုဒလူမျိုးတွေ အလွန် မုန်းတီးကြတဲ့ ရှမာရိတန်လူမျိုးတစ်ဦးဖြစ်ပေမယ့်၊ ထိုသူ့ကို အလွန်ကူညီချင်တဲ့စိတ်ဖြစ်ပေါ်လာတဲ့အတွက် အနာဒဏ်ရာများကို ဆေးထည့်ပြီး သူရဲ့ မြင်းပုလေးပေါ်ကို ကိုယ်တိုင်ထမ်းတင်ကာ အနီးအနားမှာရှိတဲ့ တည်းခိုခန်းတစ်ခုကို ခေါ်ဆောင်သွားတယ်။ နောက်တစ်နေ့ သူဆက်ပြီးခရီးသွားလိုတဲ့ အခါမှာ တည်းခိုခန်းပိုင်ရှင်ကို ငွေအနည်းငယ်ပေးပြီး ယခုပေးသောငွေထက်ပိုသုံးရလျှင်လည်း သူပြန်လာတဲ့အခါ ပြန်ပေးပါ့မယ်ဟု ပြောဆိုပြီး ထိုဒဏ်ရာရနေသူကို ဆက်လက်ပြုစုပေးရန် ခိုင်းစေခဲ့ပါတယ်။" ဟု မိန့်တော်မူပြီး "သင်ဘယ်လိုထင်သလဲ"လို့ လုယက်တိုက်ခိုက်ခံရတဲ့သူ ယုဒလူမျိုးရဲ့ အိမ်နီးချင်းဟာ 'ဘယ်သူဖြစ်သလဲ' လို့ ကိုယ်တော်ယေရှုက မေးမြန်းတော်မူလိုက်ပါတယ်။ ထိုအခါ "သူရဲ့အပေါ်မှာ ကျေးဇူးရှိသောသူပါ" ဟု ပညတ်ကျမ်းကျွမ်းကျင်သူက ပြန်လည်လျှောက်ထားသဖြင့် ကိုယ်တော်ယေရှုက "သင်လည်းအခုလိုလုပ်ဆောင်ပါ" ဟု ထိုသူအား မိန့်ကြားလိုက်ပါ တယ်။


4

**ယေရှုခရစ်တော်က အကုသိုလ်ဒုစရိုက်သမားများကိုဖိတ်ခေါ်၍ ‘နောင်တရစေခြင်း’(မာကု ၂း၁၃-၁၇၊ လုကာ ၅း၂၇-၃၂)**

ကိုယ်တော်ယေရှုက ပေရနောင်မြို့သို့ရောက်တဲ့အခါ အကျင့်ပျက်သောအခွန်ကောက်သူ 'မဿဲ'ကို တွေ့လိုက်ပါတယ်။ သူ့အနားသို့ရောက်ရှိသွားတဲ့အခါမှာ “မဿဲ၊ ငါနဲ့လိုက်ခဲ့” ဟုမိန့်တော်မူလိုက်ရာ 'မဿဲ'က ချက်ချင်းပင် ကိုယ်တော်ယေရှုနောက်တော်သို့ လိုက်ပါသွားပါတယ်။ ထို့နောက်ကိုယ်တော်ယေရှုကို သူ့ရဲ့အိမ်မှာညနေစာကျွေးမွေးရာ 'မဿဲ'ရဲ့နောက်လိုက်တွေဟာလည်း ကိုယ်တော်နှင့် အတူထမင်းစားသုံးကြပါတယ်။ ဒီမြင်ကွင်းကို ယုဒဘာသာရေးခေါင်းဆောင်တွေတွေ့တဲ့အခါ “မင်းတို့ရဲ့ဆရာက ဒီလိုအကျင့်ပျက်တဲ့လူတွေနဲ့ ဘာဖြစ်လို့ထမင်းအတူစားသုံးနေရတာလဲ”လို့ မေးမြန်းကြပါတယ်။ ဒီလိုမေးမြန်းတာကို ကိုယ်တော်ယေရှုကြားတော်မူတဲ့အခါ “အကုသိုလ်မရှိတဲ့ သူတော်ကောင်းများအတွက် ငါလာခြင်းမဟုတ်၊ အပြစ်ဒုစရိုက်သမားတွေကို ကယ်တင်ဖို့လာခြင်းသာဖြစ်တယ်” လို့ ဖြေကြားလိုက်ပါတယ်။ ထို့နောက် ကိုယ်တော်ယေရှုက 'မဿဲ'တို့ရဲ့မြို့မှ ယေရိခေါမြို့ကို ကြွမြန်းတော်မူပါတယ်။ ထိုမြို့မှာ အကျင့်ပျက်လာဘ်စားသော 'ဇက္ခဲ'ဆိုသူ အခွန်ကောက်သမားတစ်ယောက်ရှိပါတယ်။ 'ဇက္ခဲ'က ကိုယ်တော်ယေရှုကြွလာတယ်လို့ကြားတဲ့အခါမှာ ကိုယ်တော်ယေရှုကိုဖူးတွေ့ချင်တဲ့အတွက် သစ်ပင်ပေါ်သို့တက်ကြည့်ပါတယ်။ ကိုယ်တော်ယေရှုက သစ်ပင်နားကို ရောက်တဲ့အခါမှာ “ဇက္ခဲဆင်းလာခဲ့၊ ဒီနေ့မင်းတို့အိမ်မှာတည်းခိုပြီး ညနေစာသုံးဆောင်မယ်” လို့ မိန့်တော်မူလိုက်တယ်။ 'ဇက္ခဲ' က သူ့ရဲ့နာမည်ကိုသိနေတဲ့အတွက် ကိုယ်တော်ယေရှုအားအံ့သြသွားပြီး သစ်ပင်ပေါ်မှဆင်းကာ ကိုယ်တော်ယေရှုကို သူ့ရဲ့အိမ်ကိုပင့်ဖိတ်လိုက်ပါတယ်။ ကိုယ်တော်ယေရှုကို ဖူးတွေ့လိုက်ရပြီး သူ့ရဲ့တရားတော်တွေကိုနာကြားလိုက်ရတဲ့အခါမှာ 'ဇက္ခဲ'ဟာ သူ့ရဲ့မကောင်းမှုတွေအတွက် နောင်တသံဝေဂရသွားပါတယ်။ မတရားသဖြင့် အခွန်ကောက်ထားတဲ့ ပစ္စည်းတွေကို ဆင်းရဲသားများကို ဝေငှပေးလှူပါမယ်လို့ ကိုယ်တော်ယေရှုကို ကတိပေးလိုက်ပါတယ်။




**မကောင်းဆိုးဝါး ပူးကပ်ခံနေရသည့် အမျိုးသားတစ်ဦး(မဿဲ ၈း၂၈-၃၄၊ မာကု ၅း၂၄-၃၄၊ လုကာ ၈း၂၆-၃၉)**

ဂါလိလဲ အိုင်တစ်ဖက်ကမ်းရှိ 'ဂါဒရ' ဒေသမှာ ဘယ်လိုမှ ထိန်းသိမ်းလို့မရအောင် နတ်ဆိုးပူးကပ်နေတဲ့ အမျိုးသားတစ်ဦးရှိပါတယ်။ လူအများက သူ့ကိုသံကြိုးများနဲ့ ချည်နှောင်ထားပေမယ့် သံကြိုးများကိုဆွဲဖြတ်ပစ်ပါတယ်။ သူဟာ အဝတ်အစားများ ဝတ်ဆင်ခြင်းမရှိဘဲ သင်္ချိုင်း ဂူများအကြားမှာ နေ့ညမပြတ် လှည့်လည်အော်ဟစ်နေပြီး သူကိုယ်သူလည်း ကျောက်များနဲ့ မကြာခဏလှီးဖြတ်တတ်ပါတယ်။ ထိုလူဟာ ကိုယ်တော်ယေရှုအရှေ့ကို အပြေးအလွှားသွားတွေ့ပြီး ဒူးထောက်ချလိုက်တဲ့အခါမှာ ကိုယ်တော်ယေရှုက "မကောင်းဆိုးဝါး ဒီလူ့ဆီကထွက်လာပါ" လို့ မိန့်တော်မူသဖြင့် "အကြီးမြတ်ဆုံးသောဘုရားရဲ့သားတော် 'ကျွန်တော်မျိုးတို့ဆီက ဘာအလိုရှိပါသလဲ' 'ကျွန်တော်မျိုးတို့ကိုမနှိပ်စက်ပါနဲ့" လို့ တောင်းပန်လျှောက်ထားလိုက်ပါတယ်။ ထိုအခါ ကိုယ်တော်ယေရှုက "မင်းနာမည်ဘယ်သူလဲ" လို့ မေးမြန်းလိုက်တဲ့အခါ "ကျွန်တော်မျိုးနာမည်မှာ 'လေဂေါင်' ဖြစ်ပါတယ်။ ကျွန်တော်မျိုးတို့မှာ မကောင်းဆိုးဝါး မြောက်များစွာရှိတဲ့အတွက် ကျွန်တော်မျိုးတို့ကို ဒီအရပ်ဒေသက မောင်းမထုတ်ပါနဲ့။ ဒီအနားကဝက်အုပ်ထဲကို သွားခွင့်ပေးပါ" ဟု လျှောက်ထားသဖြင့် "ကောင်းပြီ သူတို့ထဲကိုသွားပါ" ဟု ကိုယ်တော်ယေရှုက မိန့်တော်မူလိုက်ပါတယ်။ ချက်ချင်းပဲ မကောင်းဆိုးဝါး တွေဟာ အဲဒီလူထဲကနေထွက်သွားပြီး အနီးအနားမှာ အစာစားနေတဲ့ ဝက်အကောင်နှစ်ထောင်ခန့် အတွင်းသို့ဝင်သွားပါတယ်။ ဝက်တွေဟာ မက်စောက်တဲ့ ကမ်းပါးအတိုင်း ပြေးဆင်းကာ ရေနစ်သေဆုံးသွားကြပါတယ်။ ရွာထဲရှိ လူအများရောက်လာချိန်မှာလည်း ထိုမကောင်းဆိုးဝါး ပူးကပ်ခြင်းခံနေရသူဟာ အဝတ်အစားများ ဝတ်ဆင်ပြီး သာမန်လူတစ်ဦးကဲ့သို့ ပြုမူနေထိုင်နေတာကို အံ့ဩစွာတွေ့မြင်ကြရပါတယ်။ အဲဒီလူဟာ ကိုယ်တော်ယေရှုနောက်တော်သို့ လိုက်ပါရန်လျှောက်ထားသဖြင့် ကိုယ်တော်ယေရှုက "မလိုက်ပါနဲ့၊ ဘုရားရှင်ကသင့်အတွက် ပြုလုပ်ပေးလိုက်တဲ့ အံ့ဩဖွယ်အရာများကို လူတိုင်းအားသွား၍ပြောပြပါ" ဟု မိန့်တော်မူလိုက်တဲ့အတွက် ထိုသူလည်း အဝေးသို့ထွက်သွားကာ ကိုယ်တော်ယေရှု ပြုလုပ်ခဲ့တဲ့ အရာတွေများကို လူတိုင်းအားလိုက်လံပြောပြပါတယ်။



## လူထောင်ပေါင်းများစွာကို အစားအသောက်များကျွေးမွေးခြင်း (မဿဲ ၁၄း၁၃-၂၁၊ မာကု ၆း၃၁-၄၄၊ လုကာ ၉း၁၀-၁၇၊ ယောဟန် ၆း၅-၁၅)

ကိုယ်တော်ယေရှုက သူရဲ့တပည့်များကို လူအများအား သင်ကြားမျှဝေပေးရန် အခြားသောရွာများသို့စေလွှတ်လိုက်ပါတယ်။ သူတို့ပြန်လည်ရောက်ရှိလာသောအခါမှာ ရေအိုင်တစ်ဖက်ခြမ်းရှိ တိတ်ဆိတ်ငြိမ်သက်သော နေရာသို့သွားရောက်အနားယူကြပါတယ်။ ကိုယ်တော်ယေရှုနဲ့တပည့်များလှေနဲ့ထွက်ခွာသွားကြတာကို လူအများကတွေ့မြင်ပြီး ကိုယ်တော်ယေရှုတို့ထက်အရင်ရောက်နှင့်စေရန် ရေအိုင်တစ်ဖက်ခြမ်းသို့ ကမ်းစပ်ကနေပတ်ပြီးပြေးကြပါတယ်။ ထိုလူအုပ်ကြီးမှာ ကိုယ်တော်ယေရှုတို့ထက် အရင်ကြိုပြီးရောက်နှင့်နေပါတယ်။ ကိုယ်တော်ယေရှုဟာ ထိုသူများအပေါ်သနားဂရုဏာစိတ်ဖြစ်ပေါ်သဖြင့် မကျန်းမာသူများအား ပျောက်ကင်းအောင်ကုသပေးသည့်နည်းလမ်းအား သင်ကြားပေးပါတယ်။ ထိုနေ့တွင်အချိန်နောက်ကျနေသဖြင့် အနီးအနားရွာများသို့ ထိုသူများအား အစားအသောက်များ သွားရောက်ရှာဖွေကြစေရန် ကိုယ်တော်ယေရှုအားတပည့်တစ်ဦးက လျှောက်ထားပါတယ်။ ကိုယ်တော်ယေရှုက ထိုလူများအတွက် အစားအသောက်များစီစဉ်ပေးဖို့မိန့်ကြားတဲ့အခါ "ကျွန်တော်မျိုးတို့မှာပေါင်မုန့်ငါးလုံးနဲ့ငါးနှစ်ကောင်သာရှိတဲ့အတွက် ဘယ်လိုလုပ်ဆောင်ရမလဲ" လို့ ပြန်လည်မေးလျှောက်ပါတယ်။ ထိုအခါ ကိုယ်တော်ယေရှုကလူအယောက်ငါးဆယ်တစ်ဖွဲ့စီ မြက်ခင်းပေါ်မှာခွဲထိုင်စေပြီး ကောင်းကင်သို့မော့ကြည့်ကာ ယခုအစားအစာအတွက် ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းလိုက်ပါတယ်။ ထို့နောက်မှာ ကိုယ်တော်ယေရှုဟာ ပေါင်မုန့်နဲ့ငါးများကို အပိုင်းပိုင်းဖဲ့လိုက်ပြီး သူရဲ့တပည့်များကတစ်ဆင့် လူအများကိုလိုက်လံဝေငှပေးရာ ကုန်ဆုံးသွားခြင်းမရှိဘဲ အမျိုးသမီးနှင့်ကလေးဦးရေမပါဘဲ အမျိုးသားဦးရေငါးထောင်တိတိ အဝအလင်စားသုံးပြီးသည့်အပြင်ပိုလျှံနေသည်များကို လိုက်လံသိမ်းဆည်းရာ ခြင်းတောင်းတစ်ဆယ့်နှစ်တောင်း ပြည့်လျှံသည် အထိများပြားခဲ့ပါတယ်။



7

**ကိုယ်တော်ယေရှုအား လက်ဝါးကပ်တိုင်ပေါ်သို့တင်၍သတ်ခြင်း(မဿဲ ၂၇း၂၇-၆၁၊ မာကု ၁၅း၁၆-၄၇၊ လုကာ ၂၃း၂၆-၅၆၊ ယောဟန် ၁၉း၁၇-၄၂)**

ရောမစစ်သားများက ကိုယ်တော်ယေရှုအားလှောင်ပြောင်၍ သူ့အားသတ်မည့်လက်ဝါးကပ်တိုင်ကို ကိုယ်တိုင်ထမ်းစေပြီး ‘ဦးခေါင်းခွံ’ လို့ အမည်ရသောနေရာကို ခေါ်ဆောင်ခဲ့ပါတယ်။ ကိုယ်တော် 'ယေရှု'ရဲ့ ဦးခေါင်းတော်ပေါ်မှာလည်း ပိလတ်ဘုရင်ခံက ရေးသားခိုင်းသည့် “ယုဒတို့ရဲ့ ဘုရင်” ဟူသော ဆိုင်းဘုတ်အား ချိတ်ဆွဲထားပါတယ်။ရောမစစ်သားများကလည်း ကိုယ်တော်ယေရှုရဲ့ အဝတ်အစားများကို အလောင်းအစား ပြုလုပ်ကြပါတယ်။ ကိုယ်တော်ယေရှုရဲ့ ဘေးနှစ်ဖက်ရှိ လက်ဝါးကပ်တိုင်ပေါ်မှာ ဓါးပြနှစ်ဦးအနက်တစ်ဦးက “သင့်နိုင်ငံတော်တွင် ဘုရင်ဖြစ်သောအခါ ကျွန်ုပ်ကိုသတိရပေးတော်မူပါ” ဟုပြောဆိုလျှောက်ထားပါတယ်။ ကိုယ်တော်ယေရှုက ထိုသူအား “မင်းဟာဒီနေ့ပဲငါနဲ့အတူ ပရာဒိသုဘုံမှာရှိနေမှာ ဖြစ်တယ်” လို့မိန့်တော်မူပါတယ်။ ယုဒလူမျိုး ခေါင်းဆောင်များနဲ့ လူအုပ်ထဲမှာရှိတဲ့ အချို့သောလူများက “ဘုရားရှင်ရဲ့သားတော်ဖြစ်ရင် လက်ဝါးကပ်တိုင်ပေါ်ကဆင်းပြီး မင်းကိုမင်းကာကွယ်ပါ။ ဒါမှငါတို့ အားလုံး မင်းကိုယုံကြည်မယ်” ဟုပြောဆို လှောင်ပြောင်ကြပါတယ်။ နေ့လည်ပိုင်းနေမွန်းတည့် ချိန်သို့ရောက်ရှိနေသော်လည်း ထိုနေရာရဲ့ကောင်းကင်ကြီးဟာ သုံးနာရီခန့်အမှောင်အတိ ဖုံးလွှမ်းသွားပါတယ်။ ထို့နောက်မှာ ကိုယ်တော်ယေရှုက “ပြီးဆုံးသွားပါပြီ အဖဘုရားရှင်၊ ကျွန်ုပ်၏ အသက်ဝိညာဉ်အား အဖဘုရားရဲ့လက်တော်ကို အပ်နှင်းလိုက်ပြီဖြစ်ပါတယ်” ဟုကျယ်လောင်စွာ အော်ဟစ်ပြီး ဦးခေါင်းငိုက်စိုက်ကျသွားကာ သူ့ရဲ့အသက်ဝိညာဉ်အား ဇီဝိတဒါနအဖြစ် ပေးစွန့်တော်မူပါတယ်။ သူသေဆုံးချိန်မှာ မြေငလျင် လှုပ်ခတ်သွားပြီး ဘုရားကျောင်းရှိ လူနဲ့ဘုရားကြားတွင်ခွဲခြားထားသောခန်းဆီးသည် အပေါ်မှအောက်သို့ နှစ်ခြမ်းကွဲပြတ်သွားကာ ကိုယ်တော်ယေရှု သေဆုံးခြင်းမှတစ်ဆင့် လူများအားဘုရားထံသို့လာရန် လမ်းပွင့်သွားခဲ့ပါတယ်။ ကိုယ်တော်ယေရှုအား စောင့်ကြပ်ပေးသော စစ်သားများသည် ဖြစ်ပျက်သွားသော အကြောင်းအရာများကို တွေ့မြင်လိုက်ပြီး “ဒီလူဟာအပြစ်ကင်းစင်တဲ့ ဘုရားသားတော်ဖြစ်တယ်” လို့ ပြောဆိုကြပါတယ်။ ကိုယ်တော်ယေရှုမှာ ‘မေရှိယ’ ဖြစ်သည်ဟု ယုံကြည်သူ ယုဒခေါင်းဆောင်ယောသပ်နဲ့ နိကောဒင်တို့နှစ်ဦးသည် ကိုယ်တော်ယေရှု၏ ရုပ်အလောင်းအား ဘုရင်ခံပိလတ်ထံမှတောင်းပြီး ကိုယ်တော်ယေရှု၏ ခန္ဓာကိုယ်ကိုအဝတ်များဖြင့်ပတ်စည်းကာ ကျောက်ထွင်းထားသောအုတ်ဂူထဲသို့ထည့်ပြီး အပေါက်ဝကိုလည်း ကျောက်တုံးကြီးနဲ့ ပိတ်စေလိုက်ပါတယ်။



**ဘုရားရှင်သည် ကိုယ်တော်ယေရှုအား သေခြင်းမှရှင်ပြန်ထမြောက်စေတော်မူခြင်း (မဿဲ ၂၇း၆၂-၂၈း၁၅၊ မာကု ၁၆း၁-၁၁၊ လုကာ ၂၄း၁-၁၂၊ ယောဟန် (၂၀း၁-၁၈)**

စစ်သားများက ကိုယ်တော်ယေရှုအား လက်ဝါးကပ်တိုင်ပေါ်သို့ တင်၍သတ်ပြီးသောအခါတွင် “ယေရှုဟာ၊ သုံးရက်ကြာရင်သေခြင်းက ပြန်လည်ရှင်ပြန်ထမြောက်မယ်လို့လိမ်ပြောခဲ့တယ်၊ သူ့ရဲ့အလောင်းကို သူ့တပည့်တွေမခိုးနိုင်အောင် လူအစောင့်ထားသင့်တယ်၊ သူတို့ခိုးယူလိုက်ရင် ယေရှုသေခြင်းမှ ရှင်ပြန်ထမြောက်သွားတယ်လို့ပြောကြလိမ့်မယ်။ ပိလတ်ဘုရင်ခံကလည်း စစ်သားတချို့ခေါ်ယူပြီး အုတ်ဂူကိုစောင့်နိုင်သလောက်အစောင့်ချထားကြပါ” ဟူ၍ပြောပါတယ်။ သူတို့က အုတ်ဂူကို ပိတ်ထားတဲ့ကျောက်တုန်းကို လူများမရွှေ့နိုင်အောင် အမှတ်အသားတံဆိပ်ပြုလုပ်ထားကြပါတယ်။ ကိုယ်တော်ယေရှုသေဆုံးပြီးနောက်တစ်ရက်သည် ဥပုသ်နေ့ဖြစ်သဖြင့် အလုပ်လုပ်ခရီး သွားခြင်းများမပြုလုပ်ကြပါ။ ကိုယ်တော်ယေရှု၏မိတ်ဆွေများလည်း ကိုယ်တော်ယေရှု၏အုတ်ဂူကို မသွားရောက်ကြပါ။ ဥပုသ်နေ့ပြီး၍ နောက်တစ်နေ့မနက်စောစောတွင် ကိုယ်တော်ယေရှု၏ရုပ်အလောင်းအား အမွှေးနံ့သာများနဲ့ ပူဇော်လိုကြတဲ့ အမျိုးသမီးများစွာတို့ဟာ ကိုယ်တော်ယေရှုရဲ့ အုတ်ဂူကိုသွားရောက်ကြပါတယ်။ သူတို့မရောက်မီအုတ်ဂူရှိတဲ့နေရာမှာ မြေလျှင်ပြင်းစွာလှုပ်ခတ်သွားခဲ့ပါတယ်။ နိဗ္ဗာန်ရွှေမြို့တော်မှ ထွန်းလင်းတောက်ပသည့် အဆင်းသဏ္ဍာန်နှင့် နတ်စေတမန်တစ်ပါးက အုတ်ဂူအဝမှာပိတ်ထားတဲ့ ကျောက်တုံးကြီးကိုဖယ်ပြီး ကျောက်တုံးပေါ်ထိုင်နေတာကို ရောမစစ်သားများမြင်တွေ့ကာ ကြောက်လန့်၍မြေကြီးပေါ်ကိုလဲကျကုန်ပါတယ်။ အမျိုးသမီးများ အုတ်ဂူရှေ့ကိုရောက်သောအခါမှာ သူတို့အားနတ်စေတမန်က “မကြောက်ကြပါနဲ့ ကိုယ်တော်ယေရှုဟာ သူပြောခဲ့တဲ့အတိုင်းသေရာမှ ရှင်ပြန်ထမြောက်သွားခဲ့ပါပြီ အုတ်ဂူထဲကိုကြည့်လိုက်ကြပါဟု ပြောဆိုသဖြင့် အမျိုးသမီးများက အုတ်ဂူထဲကိုကြည့်လိုက်ရာ ကိုယ်တော်ယေရှု၏ ခန္ဓာကိုယ်ရုပ်အလောင်းမရှိတော့ပါ။ ထို့နောက်နတ်စေတမန်က “ကိုယ်တော်ယေရှုဟာ ရှင်ပြန်ထမြောက်ပြီး သင်တို့ထက်အရင် ဂါလိလဲကို ကြိုသွားနှင့်ပြီ ဆိုတဲ့အကြောင်းကို သူ့ရဲ့တပည့်တော်များကို သွားပြီးပြောပြလိုက်ပါ” ဟု အမျိုးသမီးများကို မှာကြားလိုက်ပါတယ်။ အမျိုးသမီးများစွာတို့အလွန်အံ့သြပြီး ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် တပည့်တော်များထံ သတင်းကောင်းအား ပြောကြားရန်သွားသောလမ်းတွင် သူတို့ရှေ့သို့ ကိုယ်တော်ယေရှုရောက်လာခဲ့သဖြင့် ကိုယ်တော်ယေရှုရဲ့ခြေထောက်ရှေ့မှာ ဦးညွှတ်ရှိခိုးကြပါတယ်။ ထို့နောက် ကိုယ်တော်ယေရှုက “မကြောက်ရွံ့ကြပါနဲ့၊ ငါ့ရဲ့တပည့်တော်တွေ ငါ့ကိုဂါလိလဲဒေသမှာ တွေ့ရလိမ့်မယ်၊ ဂါလိလဲဒေသကိုသွားကြပါ” ဟူ၍ မိန့်တော်မူလိုက်ပါတယ်။



**ကိုယ်တော်ယေရှုနိဗ္ဗာန်ရွှေမြို့တော်သို့ ပြန်လည်ကြွမြန်းတော်မူခြင်း (မဿဲ ၂၈း၁၆-၂၀၊ မာကု ၁၆း၁၂-၂၀၊ လုကာ ၂၄း၁၃-၅၃၊ ယောဟန် ၂၀း၁၉-၂၃၊ တမာန်တော် ၁း၁-၁၁)**

ကိုယ်တော်ယေရှုအား ဘုရားရှင်က သေခြင်းမှရှင်ပြန်ထမြောက်စေတော်မူသောနေ့တွင် အမျိုးသမီးများက ကိုယ်တော်ယေရှု ပြန်လည်ရှင်ပြန်ထမြောက်သွားတယ် လို့ပြောဆိုနေသဖြင့် တပည့်တော်များဟာ ဘယ်ဟာကို ယုံကြည်ရမှန်းမသိ ဖြစ်နေပါတယ်။ တပည့်တော်များ စကားပြောဆိုနေချိန်မှာ ကိုယ်တော်ယေရှုက "သင်တို့ငြိမ်းချမ်းကြပါစေ" ဟူ၍မိန့်တော်မူပြီး အခန်းထဲကို ကြွရောက်တော်မူခဲ့ပါတယ်။ ကိုယ်တော်ယေရှုက "လူယုတ်မာများဟာ မေရှိယကို ဒုက္ခဆင်းရဲများခံစားစေပြီး သေစေကြလိမ့်မယ်၊ သူဟာ တတိယမြောက်နေ့မှာ သေခြင်းကပြန်လည်ရှင်ပြန်ထမြောက်လိမ့်မယ်"ဟု ဘုရားရှင် နှုတ်ကပတ်တော်မှာဖော်ပြထားတဲ့ မေရှိယအကြောင်းများကိုရှင်းပြပါတယ်။ တပည့်တော်များက တစ္ဆေ၊ သရဲအထင်နဲ့ ကြောက်လန့်နေကြလို့ သူရဲ့လက်နဲ့ခြေထောက်များကို ကိုင်ကြည့်ခိုင်းခဲ့ပြီး ငါးအနည်းငယ်ကို စားသုံးတော်မူပါတယ်။ ထို့နောက် ကိုယ်တော်ယေရှုက ဘုရားရှင်ရဲ့ နှုတ်ကပတ်တော်များကို ရှင်းပြမိန့်ဆိုပြီး "ငါရဲ့တပည့်တော်များဟာ ဘုရားရှင်ရဲ့နှုတ်ကပတ်တော်များကို ယေရုရှလင်ကစပြီး ဖြန့်ဝေကြလိမ့်မယ်။ လူတိုင်းကို မိမိတို့ရဲ့အပြစ်များအတွက် နောင်တသံဝေဂရစေရန် ပြောကြားကြသဖြင့် ဘုရားရှင်ကလည်း သူတို့၏အပြစ်များကို ခွင့်လွှတ်ပေးတော်မူပါလိမ့်မယ်။ မင်းတို့ဟာ ငါပြုလုပ်ခဲ့သမျှ၊ ပြောခဲ့သမျှတို့အတွက် မျက်မြင်သက်သေများဖြစ်ကြတယ်" ဟူ၍ မိန့်တော်မူခဲ့ပါတယ်။ နောက်ထပ်ရက်ပေါင်းလေးဆယ်အတွင်းမှာ သူရဲ့တပည့်များရှေ့မှာ အကြိမ်ပေါင်းများစွာ ကြွရောက်တော်မူခဲ့ပြီး လူပေါင်းငါးရာရှေ့မှာလည်း သူအသက်ရှင်လျှက်ရှိကြောင်းနဲ့ ဘုရားရှင်ရဲ့ နိဗ္ဗာန်ရွှေမြို့တော်အကြောင်းကိုလည်း ဟောပြောသွန်သင်တော်မူခဲ့ပါတယ်။ "ဘုရားရှင်က "ငါ့ကို နိဗ္ဗာန်ရွှေမြို့တော်နဲ့ ကမ္ဘာပေါ်ရှိ လူတိုင်းအပေါ်တွင် အုပ်ချုပ်ခွင့်ပေးပြီးသားဖြစ်တယ်။ ဒါကြောင့် အခြားလူများကိုလည်းငါရဲ့ တပည့်တော်များဖြစ်လာစေရန် အဖဘုရားရှင်၊ သားတော်၊ ဘုရားဝိညာဉ်တော်တို့နဲ့ ရေနှစ်မင်္ဂလာပြုလုပ်ပေးရမယ်။ ငါဟာသင်တို့နဲ့ အမြဲအတူတကွ ရှိနေမှာဖြစ်ကြောင်းသတိရကြပါ။" ငါရဲ့ "အဖဘုရားရှင်က သင်တို့အပေါ်တွင် ဘုရားဝိညာဉ်တော်ကို သက်ရောက်စေတော်မူပါလိမ့်မယ်" ဟု ကိုယ်တော်ယေရှုကမိန့်တော်မူပြီး နိဗ္ဗာန်ရွှေမြို့တော်သို့ကြွမြန်းတော်မူရာ သူတို့ရဲ့မြင်ကွင်းက ပျောက်ကွယ်သွားစေရန် မိုးတိမ်တိုက်တစ်ခုက ဖုံးလွှမ်းလိုက်ပြီး နိဗ္ဗာန်ရွှေမြို့တော်မှာ အရာအားလုံးတို့ကို အုပ်စိုးတော်မူရန် ဘုရားရှင်ရဲ့ လက်ယာဘက်တွင် စံမြန်းတော်မူနေပါတယ်။



**ကိုယ်တော်ယေရှု ပြန်လည်ကြွရောက်တော်မူလာခြင်း(မဿဲ ၁၃း၂၄-၃၀,၂၄း၁၄,၂၈း၁၈၊ ယောဟန် ၁၅း၂၀,၁၆း၃၃၊ ဗျာဒိတ်ကျမ်း ၂း၁၀)**

ကိုယ်တော်ယေရှုဟာ ယခုအခါမှာ ပြန်လည်ကြွရောက်ခြင်းမရှိသေးပေမယ့် ကပ်ကမ္ဘာကုန်ဆုံးတဲ့အချိန်မှာ သူ့ရဲ့ကတိတော်အတိုင်း ပြန်လည်ကြွရောက်လာမှာဖြစ်ပါတယ်။ ဘုရားရှင်က ကျွန်ုပ်တို့ကို ကိုယ်တော်ယေရှု ပြန်လည်ကြွရောက်လာခြင်း မရှိသေးတဲ့အချိန်မှာ သူ့ကိုသတိရအောက်မေ့ကြပြီး သူမိန့်ကြားခဲ့တဲ့ နည်းလမ်းများအတိုင်း နေထိုင်စေချင်ပါတယ်။ ကိုယ်တော်ယေရှု ကမ္ဘာပေါ်မှာနေထိုင်ခဲ့စဉ်က "လူမျိုးအသီးသီးတို့အားတပည့်နောက်လိုက်များရှိရန် သွားရောက်လုပ်ဆောင်ပါ၊ လယ်ကွင်းများမှာ ကောက်ပင်များကိုရိတ်သိမ်းဖို့ အဆင်သင့်ဖြစ်နေပြီ"ဟု မိန့်တော်မူခဲ့ပါတယ်။ ကိုယ်တော်ယေရှုအပေါ်မှာ အဆုံးစွန်အထိ သင်တို့ယုံကြည်မှုရှိလျှင် ဘုရားရှင်က သင်တို့ကိုကယ်တင်တော်မူပါလိမ့်မယ်။ "ဘုရားရှင်ဟာ ကပ်ကမ္ဘာကုန်ဆုံးတဲ့အခါမှာ စာတန်မာရ်နတ်ကို အပြီးအပိုင်ဖျက်ဆီးပြီး စာတန်မာရ်နတ်နဲ့ သက်ဆိုင်တဲ့လူများအားလုံးကို နတ်စေတမန်များအားလိုက်လံစုဆောင်းစေပြီး ထာဝရငရဲမီးထဲသို့ပစ်သွင်းလိုက်ပါလိမ့်မယ်။ ပိုးလောက်ကောင်တွေကလည်း သူတို့အား ထာဝရစားသုံးကြမှာဖြစ်ပါတယ်။ သို့သော် ကိုယ်တော်ယေရှု၏ နောက်လိုက်ဖြစ်ပြီး မှန်ကန်ဖြောင့်မတ်သောလူများဟာ အဖဘုရားရှင်ရဲ့ နိဗ္ဗာန်ရွှေမြို့တော်မှာ နေကဲ့သို့ ထွန်းတောက်နေမှာဖြစ်ပါတယ်။" ကိုယ်တော်ယေရှုဟာ သူပြန်လည် ကြွမြန်းသွားတဲ့နည်းအတိုင်း ကိုယ်ခန္ဓာအစစ်တစ်ခုနဲ့ ကောင်းကင်ပေါ်ရှိ တိမ်တိုက်များပေါ်ကပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ကိုယ်တော်ယေရှု ပြန်လည်ကြွရောက်လာတဲ့အခါမှာ သေဆုံးသွားပြီဖြစ်တဲ့ တပည့်နောက်လိုက်များက ရှင်ပြန်ထမြောက်ပြီး အသက်ရှင်နေသေးသော တပည့်နောက်လိုက်များနဲ့အတူ နိဗ္ဗာန်ရွှေမြို့တော်တွင်နေထိုင်ပြီး ထာဝရငြိမ်းချမ်းမှုကိုရရှိကြပါလိမ့်မယ်။ ဘုရားရှင်က အာဒံနှင့်ဧဝတို့ဟာ ဘုရားရှင်ရဲ့စကားကို လိုက်နာခြင်းမရှိဘဲ ဒီကမ္ဘာမြေထဲကို အပြစ်တွေယူဆောင်လာတဲ့အတွက် ဒီကမ္ဘာကြီးကိုဖျက်ဆီးပစ်ဖို့ဆုံး ဖြတ်လိုက်ပေမဲ့ ကမ္ဘာအသစ်တစ်ခုကို ပြန်လည်ဖန်တီးပေးမှာဖြစ်ပါတယ်။ ကိုယ်တော်ယေရှုနဲ့ သူ့ရဲ့နောက်လိုက်များက ထိုကမ္ဘာအသစ်မှာ သွားရောက်နေထိုင်ကြပြီး သူတို့ဟာ ဒုက္ခရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ မကျန်းမာခြင်း၊ သေဆုံးခြင်းစတဲ့ မကောင်းသောအရာများမရှိတော့ဘဲ ထာဝရငြိမ်းချမ်းစွာ အတူနေထိုင်သွားကြမှာဖြစ်ပါတယ်။